ငါးနှစ်ပြည့်မြောက်ခဲ့ပြီဖြစ်သော ကချင်ဒေသတကျော့ပြန်စစ်ပွဲနှင့် မြန်မာနိုင်ငံ ငြိမ်းချမ်းရေး၊ တရားမျှတမှုနှင့် တာဝန်ယူမှု/တာဝန်ခံမှု တို့အတွက် တောင်းဆိုချက်။

မြန်မာနိုင်ငံ၏ နိုင်ငံရေးအသွင်ကူးပြောင်းနေမှုအခြေအနေများနှင့် ပတ်သက်၍ ကမ္ဘာ့နိုင်ငံအများစုက စိတ်လှုပ် ရှားစွာ ဝမ်းမြောက်လျက်ရှိကြောင်း မည်သို့ပင်ဖော်ပြခဲ့ကြစေကာမူ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းနေ ရပ်ရွာ လူထုအနေဖြင့် လွန်ခဲ့သည့် ငါးနှစ်ကတည်းက တွေ့ကြုံခံစားနေရသော ပြင်းထန်ဆိုးဝါးသည့် လူ့အခွင့်အရေးချိုးဖောက်မှု များနှင့် မိမိတို့ရပ်ရွာကို စွန့်ခွာရွှေ့ပြောင်း နေထိုင်နေရမှုများ မှာမူ ပြောင်းလဲတိုးတက်မှု မရှိခဲ့ပေ။

၂၀၁၁ ခုနှစ်တွင် တစ်ဖန်ပြန်လည်စတင်ခဲ့သော မြန်မာ့တပ်မတော် နှင့် ကချင်လွတ်မြောက်ရေး တပ်မတော် (KIA) တို့အကြားလက်နက်ကိုင်တိုက်ပွဲများကြောင့် ပြည်သူပေါင်းတစ်သိန်းကျော် အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရပြီး စစ်ပွဲကာလအတွင်းတွင် အပြစ်မဲ့ပြည်သူများမှာ ပြင်းထန်သော လူ့အခွင့်အရေးချိုး ဖောက်မှုများစွာကို ခံစားခဲ့ရသည်။ဥပဒေမဲ့သတ်ဖြတ်ခြင်း၊ ညှင်းပန်းနှိပ်စက်ခြင်း၊ အဓမ္မခိုင်းစေခြင်း၊ မုဒိမ်းကျင့်ခြင်း နှင့် အခြားလိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများ ကျူးလွန်ခြင်း၊ တစ်ဖက်သတ်စွပ်စွဲ၍ ဖမ်းဆီးထိန်းသိမ်းခြင်း၊ စစ်တပ်နှင့် မသက်ဆိုင်သည့်နေရာများနှင့် အရပ်သားများအပေါ် ပစ်မှတ် ထားတိုက်ခိုက်ခြင်း နှင့် ပြည်သူ့အိုးအိမ်၊ စည်းစိမ်များကို ဖျက်ဆီးခြင်းစသည့် လူ့အခွင့်အရေးချိုး ဖောက်မှုများ အပေါ် ပြစ်မှုကျူးလွန်ခဲ့သူများကို ဥပဒေနှင့်အညီပြစ်ဒဏ်စီရင်ရခြင်း မရှိသလောက် နည်းပါးနေကြောင်း အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် လူထုအခြေပြုအဖွဲ့အစည်းများမှမှတ်တမ်း တင်ထားသည်။

ထိုလူ့အခွင့်အရေးချိုးဖောက်မှုများစွာထဲမှ အချို့မှာ နိုင်ငံတကာဥပဒေများအရ စစ်ရာဇဝတ်မှုမြောက်ပြီး လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများအဖြစ် သတ်မှတ်၍ရသော ပြစ်မှုများဖြစ်သည်။

ထောင်ပေါင်းများစွာသော စစ်ဘေးရှောင်စခန်းများသို့ မဖြစ်မနေပြောင်းရွှေ့နေထိုင်ရသည့်အခြေအနေကြောင့် လူမှုအသိုင်းအဝိုင်းတစ်ခုလုံး၏ အိုးအိမ်၊ အသက်မွေးဝမ်းကျောင်းနှင့် ပိုင်ဆိုင်မှုများ အားလုံးဆုံးရှုံးခဲ့ရသည်။ ပြောင်းရွှေ့ နေထိုင်ရသူများသည် ချို့တဲ့သော လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီများ ပြတ်လပ်မလောက်ငမှုများနှင့် ဆက်လက် ရင်ဆိုင်နေရသည်။

နေရပ်စွန့်ခွာပြောင်းရွှေ့ရသော စစ်ဘေးသင့်ပြည်သူများအတွက် လူသားချင်းစာနာထောက်ထားမှု အကူအညီ များ လက်လှမ်းမီရရှိအောင် ထောက်ပံ့ဆောင်ရွက်ပေးနေသည့် အဖွဲ့အစည်းများမှာ ခွင့်ပြုချက်၊ ခရီးသွားလာခွင့် အကန့်အသတ်များစွာဖြင့် ရင်ဆိုင်နေရပြီး ကချင်များဦးစီးသည့် ထောက်ပံကူညီရေး အဖွဲ့အစည်းများမှာလည်း စစ်ဘေးသင့်ပြည်သူများ၏များပြားလှသော လိုအပ်ချက်များကို ဖြည့်ဆည်း ထောက်ပံ့ပေးနိုင်လောက်သော ရန်ပုံငွေ မရှိပေ။ အထူးသဖြင့် ကချင်လွတ်မြောက်ရေးတပ်မတော် (KIA) ထိန်းချုပ်ရာဒေသများရှိ စစ်ဘေးရှောင်စခန်းများသို့ လူသားချင်းစာနာထောက်ထားမှုအကူအညီများ ထောက်ပံ့ပေးနိုင်ရန် အဖွဲ့အစည်း များခရီးသွားလာခွင့်ကို တာဝန်ရှိသူများမှမလိုလားအပ်သော နှောင့်နှေးကြန့်ကြာမှုများဖြင့် ထိန်းချုပ်ထားရာ

ထောက်ပံ့ရေးအကူအညီများ ပိုမိုလိုအပ်နေသည့်နေရာများသို့ လက်လှမ်းမီပေးပို့နိုင်မှုအပေါ် ဆိုးဝါးသည့် အကျိုးဆက်များကို ဖြစ်ပေါ်စေသည်။

နေရပ်စွန့်ခွာပြောင်းရွှေ့ရသောမိသားစုများသည် လုံလောက်သော အစားအာဟာရ၊ ကျန်းမာရေးစောင့်ရှောက်မှု၊ သောက်သုံးရေနှင့် အိမ်သာ၊ အမိုးအကာ မရှိနေထိုင်နေရပြီး ယခုအခါ အချို့မိသားစုများမှာ စားနပ်ရိက္ခာ ပုံမှန်မရရှိတော့သောကြောင့် တစ်နေ့လျှင် ထမင်းတစ်နပ်သာ စားနေကြရပါသည်။ ကာကွယ်၍ရနိုင်သော ရောဂါများပင်ဖြစ်သော်လည်း ကျန်းမာရေးစောင့်ရှောက်မှု ချို့တဲ့သောကြောင့် မလိုလားအပ်ပဲအသက်ဆုံးမှု များကို ဖြစ်ပေါ်စေသည်။

စာသင်ကျောင်းများနှင့် ဆရာ၊ဆရာမများအတွက် ရန်ပုံငွေရှားပါးမှုကြောင့် ကလေးများ၏ ကျောင်းပညာရေး တွင်များစွာနောင့်နှေး ထိခိုက်စေပြီး မျိုးဆက်တစ်ခုလုံး၏ဖွံ့ဖြိုးတိုးတက်ရေးကို အဟန့်အတားဖြစ်စေသည်။ မကြာမီတွင် မိုးရာသီကျရောက် တော့မည်ဖြစ်သော်လည်း နေရပ်စွန့်ခွာပြောင်းရွှေ့ရသော စစ်ဘေး သင့်ပြည်သူများမှာမူ လေဒဏ်၊ မိုးဒဏ်ကို ကောင်းစွာ အကာအကွယ်မပေးနိုင်သော လုံခြုံမှုမရှိသည့် အခြေအနေများတွင် ဆက်လက်ကြိုးစားရုန်းကန်ကာ နေထိုင်အသက် ဆက်နေကြရသည်။ ယနေ့အချိန်အထိ နေရပ်စွန့်ခွာပြောင်းရွှေ့နေထိုင်ရသူများအနေနှင့် မိမိတို့ ရပ်ရွာ/နေအိမ်များထံ ဘေးအန္တရာယ်ကင်းစွာ ပြန်နိုင်ရန် သို့မဟုတ် ၎င်းတို့၏ ဘ၀ကို လူ့ဂုဏ်သိက္ခာနှင့်အညီ ပြန်လည်တည်ဆောက်နိုင်ရန် မျှော်လင့်ချက်နှင့် ဖြစ်နိုင်ခြေမှာ မရှိသလောက်ပင် ဖြစ်နေပါသေးသည်။

၂၀၁၆ ခုနှစ်၊ ဖွန်လ (၉) ရက်နေ့တွင် ကချင်ပြည်နယ်အတွင်း (၁၇) နှစ်ကြာ အပစ်အခတ်ရပ်စဲမှု အဆုံးသတ်ပြီး လက်နက်ကိုင်တိုက်ပွဲများ ပြန်လည်စတင်ခဲ့ခြင်း (၅) နှစ် နှစ်ပတ်လည် တစ်ဖန်ပြည့်ခဲ့ပြီ ဖြစ်ပါသည်။ ယခင်သမ္မတဟောင်းဦးသိန်းစိန်လက်ထက်တွင် ညှိနှိုင်းချုပ်ဆိုခဲ့သည့် တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ် ရပ်စဲရေးသဘောတူစာချုပ် (NCA) သည် ထိုစစ်ပွဲများကို ရပ်တန့်နိုင်ခြင်းမရှိခဲ့သည် သာမက အားလုံးပါဝင်နိုင်သော ငြိမ်းချမ်းရေး သဘောတူညီမှုရရှိ ရန် အလားအလာမရှိသလောက် ဝေးကွာနေပါသည်။

သို့ပါ၍ ဤသဘောထားထုတ်ပြန်ချက်၏ အောက်တွင် လက်မှတ်ရေးထိုးပါဝင်သော ကျွန်ုပ်တို့အဖွဲ့အစည်းများ အနေဖြင့် ကချင်ပြည်နယ်အတွင်း ငြိမ်းချမ်းရေး၊ တရားမျှတမှုနှင့် တာဝန်ယူမှု/တာဝန်ခံမှုရှိစေရန် အောက်ဖော်ပါပြအတိုင်း တောင်းဆိုသည်။

ပထမဦးစွာ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတို့တွင် ထိုးစစ်ဆင် တိုက်ခိုက်နေမှုများကို ချက်ချင်း ရပ်တန့်ပေးရန် မြန်မာတပ်မတော်အား ကျွန်ုပ်တို့မှ တောင်းဆိုသည်။ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူ အညီများထောက်ပံပေးနေသောအဖွဲ့အစည်းများအား စစ်ဘေးသင့်ဒေသများအားလုံးသို့ ကန့်သတ်ချက်မဲ့ သွားရောက် ကူညီထောက်ပံ့ခွင့်အပြည့်အဝပေးရန် သမ္မတဦးထင်ကျော်နှင့် နိုင်ငံတော်အတိုင်ပင်ခံ ဒေါ်အောင်ဆန်းစုကြည်တို့အား တိုက်တွန်းသည်။ စစ်တပ်နှင့် အာဏာပိုင်များအနေဖြင့် စစ်ဘေး သင့်ပြည်သူများ နေထိုင်ရာဒေသများသို့ လိုအပ်သော အကူအညီအထောက်အပံ့များပေးနိုင်ရန် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးနေသောအဖွဲ့အစည်းများကို လုံခြုံ၍ နှောင့်နှေးကြန့်ကြာမှု မရှိစေဘဲ ရေရှည်သွားလာခွင့်ပေးရန် တိုက်တွန်းသည်။

စုံစမ်းစစ်ဆေးအရေးယူခြင်းမရှိသော လူ့အခွင့်အရေး ချိုးဖောက်မှုများကို ဆက်လက်ဖြစ်ပေါ်နေစေခြင်းသည် ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတွင် ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးရရှိရန် ကြိုးစားအားထုတ် နေမှုများကို နှောင့်နှေးကြန့်ကြာ ဆုတ်ယုတ်မှုများကိုသာ ဖြစ်ပေါ်စေသည်။

အစိုးရနှင့် တပ်မတော်အနေဖြင့် နေရာအနှံ့ဖြစ်ပေါ်နေသော ပြစ်မှုကျူးလွန်သူများကို ပြစ်ဒဏ်မှ ကင်းလွတ်ခွင့်ပေးထားသည့်အစဉ်အလာကို အပြီးတိုင်ချက်ချင်း အဆုံးသတ်သင့်သည်။ လူ့အခွင့်အရေး

ချိုးဖောက်မှုများကျူးလွန်သူများကို လွတ်လပ်၍ ဘက်လိုက်မှုကင်းသော တရားရုံးများတွင် မည်သို့သော ရာထူးအဆင့်အတန်းရှိစေကာမူ ဥပဒေအတိုင်း စစ်ဆေးအရေးယူပြီး ၎င်းတို့ကျူးလွန်ခဲ့သည့် ပြစ်မှုများ အတွက် တာဝန်ယူမှု/တာဝန်ခံမှု ရှိစေသင့်သည်။ ထို့အတူပင် လူ့အခွင့်အရေးချိုးဖောက်ခံရသူများကို ၎င်းတို့၏ ဆုံးရှုံး နစ်နာခဲ့ရမှုများအတွက် သင့်တင့်လျောက်ပတ်သောကုစားမှုနှင့် နစ်နာကြေးများကို လျင်မြန်စွာ ရစေသင့်သည်။

အနာဂတ်တွင် လူ့အခွင့်အရေးကို ကာကွယ်စောင့်ရှောက်မြှင့်တင်နိုင်မှု သေချာစေရန် အစိုးရအနေဖြင့် "ညှင်းပမ်း နှိပ်စက်ခြင်းနှင့် အခြားလူမဆန်ရက်စက်သည့် လုပ်ရပ်များ၊ ချိုးနှိမ်သိမ်ငယ်စေသော ခွဲခြားဆက်ဆံမှု (သို့မဟုတ်) အပြစ် ပေးမှုတို့ကို ဆန့်ကျင်သော နိုင်ငံတကာသဘောတူစာချုပ်" နှင့် "ရောမသဘောတူညီချက် နိုင်ငံတကာ ရာဇဝတ်မှုဆိုင်ရာ တရားရုံး" အပါအဝင် အဓိကကျသော လူ့အခွင့်အရေးဆိုင်ရာ နိုင်ငံတကာသဘောတူစာချုပ်များကို နှောင့်နှေးကြန့်ကြာမှု မရှိဘဲ အတည်ပြု လက်မှတ်ရေးထိုးသင့်သည်။

အစိုးရအနေနှင့် လူတိုင်းပါဝင်ဆောင်ရွက်ခွင့်ရှိသော လူ့အခွင့်အရေးကို ဦးစားပေးသည့် အားလုံးပါဝင်နိုင်မည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အဖြစ် သေချာစေရန် ဆောင်ရွက်သင့်သည်။ ထို့ပြင်ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးကို ထိန်း သိမ်းနိုင်ရန် ထိုငြိမ်းချမ်းရေးလုပ်ငန်းစဉ်ထဲတွင် အမျိုးသမီးများကို ပါဝင်ဆောင်ရွက် ခွင့်ပြုရန်လည်း အရေးကြီးသည်။

ကျွန်ုပ်တို့သည် စစ်ဘေးသင့်ဒေသများရှိ လူမှုအသိုင်းအဝိုင်းများနှင့် မိသားစုများ၏ ယနေ့ခံစားနေရသော နာကျင်မှုများနှင့် ခက်ခဲရုန်းကန်နေရမှုများအပေါ် ထပ်တူထပ်မျှခံစားရပါကြောင်းနှင့် ဤသို့ကျွန်ုပ်တို့၏ ခံစားချက်ကို ဖော်ပြရာတွင် ငြိမ်းချမ်းရေး၊ တရားမျှတမှုနှင့် တာဝန်ယူမှု/တာဝန်ခံမှုကို လိုလားသော စိတ်ဓာတ်တို့သည်လည်း အတူယှဉ်တွဲ ပါဝင်သင့်သည်ဟု ယုံကြည်သည်နှင့်အညီ အစိုးရနှင့် တပ်မတော်အား ကချင်ဒေသအတွင်း ဖြစ်ပွားနေသော စစ်ပွဲများ အမြန်ဆုံးရပ်တန့်ပေးရန် ကျွန်ုပ်တို့မှ တောင်းဆိုသည်။

**ဆက်သွယ်ရန်လိပ်စာ-**


ဒေါ်မေစံပယ်ဖြူ (Kachin Women Peace Network) - ၀၉ ၇၇၈၈ ၇၅ ၈၅ ၉ ( maysabephyu@gmail.com)

ဦးမရန်ဂျော်ဂွန်း (Kachin Peace Network) – ၀၉ ၉၇ ၂၉၉ ၈၀ ၉၇, ၀၉ ၇၃၁ ၄၀ ၇၂၈

Jawgun.shalom@gmail.com

ဒေါ်ခင်ဥမ္မာ (Burma Partnership) - + ၆၆ ၈၁၈၈၄ ၀၇၇၂ (khinohmar@burmapartnership.org)


<u>လက်မှတ်ရေးထိုးသော အဖွဲ့အစည်းများ။</u>

1. Ayar West Development Organization- AWDO
2. Ayarwady Youth Network – AYN
3. Bago Youth Network
4. Border Health Initiative (BHI)
5. Brave Heart Social Development Organisation (ရဲရင့်နှလုံးသား"-လူမှုဖွံ့ဖြိုး ရေးအသင်း)
6. BRIDGE

7. Burma Partnership (မြန်မာ့အရေးပူးပေါင်းဆောင်ရွက်သူများ)
8. Candle Light
9. Center for Youth and Social Harmony
10. Cherry Image (Shan State)
11. Chin Hill Beauty Group – Tedim (ချင်းတောင် အလှအဖွဲ့ - တီးတိန်)
12. Chin League for Democracy
13. Chin Youth Organisation
14. Chin Youth Organisation (Mindat)
15. Civil Authorize Negotiate Organization (C.A.N-Org)
16. Co-Exist
17. Community Work for Kachin(CWK)
18. Conservation on Hill-Ecosystem Association (CHEA)
19. Dawei Development Association
20. Dawei Probono Lawyers Network
21. Dawei Youth Fellowship
22. Diverze Youth Art Platform
23. EcoDev
24. Fortify Rights
25. Forum for Democracy in Burma (မြန်မာနိုင်ငံဒီမိုကရက်တစ်အင်အားစု)
26. Freethinkers
27. Green Pyin Oo Lwin (စိမ်းလန်းပြင်ဦးလွင်)
28. Green Right Organization (Aung Ban Shan State)
29. Green Rights Organization (Shan State)
30. Hiatuii Tribal Community (HTC)
31. Htanthawng, Paletwa township
32. Htoi Gender and Development Foundation
33. Huphokapaw Social Support Group (Kyar In Seik Gyi) [ဟူးဖိုးကပေါ် လူမှုအထောက်အကူပြုအဖွဲ့ ( ကြာအင်းဆိပ်ကြီး) ]
34. Independent Asho Chin League (လွတ်လပ်သောအရှိုချင်းများအင်အားစု)
35. Independent Youth For Change(IYFC)
36. I-School Myanmar
37. Kachin Alliance
38. Kachin Canadian Association

39. Kachin Development Networking Group- Kdng Kachin
40. Kachin Educators' Synergy Group (KES)
41. Kachin National Organization (Denmark)
42. Kachin National Youth Network
43. Kachin Peace Network
44. Kachin Refugee Comittee (KRC) Malaysia
45. Kachin State Democracy Party (KSDP - Kachin)
46. Kachin State Women Network
47. Kachin University Literature and Culture Association (Myitkyina)
48. Kachin Women Peace Group. CSNeP
49. Kachin Women Peace Network
50. Kanpetlet Chin Civil Society Network
51. Karen Affair Committee
52. Karuna Funeral Servie – Mindat [ဂရုဏာ နာရေးကူညီမှုအသင်း (မင်းတပ်)]
53. Kayah State Peace Monitoring Network (KSPMN)
54. Khumi Youth Group – Paletwa (ခူမီးလူငယ်အဖွဲ့ - ပလက်ဝ)
55. Kung Gyan Gon Network (ကွမ်ခြံကုန်းကွန်ယက်)
56. London Kachin Baptist Church (LKBC)
57. Mali Ingra Volunteer Group
58. Mara Thyutlai (MPT) (မာယာလူငယ်အသင်း)
59. Matupi Youth Association
60. Mon Cetanar Development Foundation (MCDF)
61. Mon- region Social Development Network (မွန်ဒေသလူမှုဖွံ့ဖြိုးရေးကွန်ရက်)
62. Mon State Community Ceasefire Monitoring Committee (မွန်ပြည်နယ်အရပ်သားအပစ်အခတ်ရပ်စဲရေးစောင့်ကြည့်လေ့လာရေးကော်မတီ)
63. Mon State Community Observers Association လူနေမှုဘဝလေ့လာဆန်းစစ်သူများအသင်း (မွန်ပြည်နယ်)
64. Mon State CSOs' Network (မွန်ပြည်နယ်အရပ်ဘက်လူမှုအဖွဲ့အစည်းများကွန်ရက်၊)
65. Mon State Disaster Prevention and Humanitarian Group [သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ခြင်းနှင့် ကယ်ဆယ်ရေးထောက်ပံ့ကူညီပေးရေးအဖွဲ့ (မွန်ပြည်နယ်)]
66. Mon State Environment and Natural Resource Lovers Group [သဘာဝပတ်ဝန်းကျင်နှင့်သယံဇာတချစ်မြတ်နိုးသူများအသင်း(မွန်ပြည်နယ်)]
67. Mon Women Network (MWN)
68. Mon Women's Organisation (MWO)

69. Mon Youth Educator Organisation (MYEO)
70. Mon Youth Progressive Organisation (MYPO)
71. Myanmar Alliance for Transparency and Accountability Network (Mon state) [မြန်မာနိုင်ငံ ပွင့်လင်းမြင်သာမှုနှင့် တာဝန်ယူမှုတာဝန်ခံမှုဖော်ဆောင်ရေးအရပ်ဘက်မဟာမိတ်အဖွဲ့ (မွန်ပြည်နယ်)]
72. Myanmar Social Development Group (မြန်မာ့လူမှုဘဝ တိုးတက်မြင့်မားရေး အသင်း)
73. Myet- Won- Thit (Knowledge Zone)
74. Myitkyina News Journal
75. MYSELF
76. National Education & Research Development - NERD
77. Naushawng Education Network
78. Network for Democracy and Development (ဒီမိုကရေစီနှင့်ဖွံ့ဖြိုးတိုးတက်ရေးအင်အားစု)
79. New Steps Women Organisation – Tedim (ခြေလှမ်းသစ်အမျိုးသမီးအဖွဲ့အစည်း - တီးတိန်)
80. Olive (သံလွင်ခက်)
81. Open Development Foundation (Kanpetlet)
82. Our Lovely World (ဒို့ချစ်တဲ့ကမ္ဘာ) Shan State
83. Pace on Peaceful Pluralism (သင့်မြတ်သူများ၏ငြိမ်းချမ်းရေးလမ်းစဉ်)
84. Parents, Families and Friends of Lesbians and Gays -Myanmar (PFLAG-MYANMAR)
85. Paungsi Arr Man Social Development Group – Maw Lamyaing (ပေါင်းစည်းအားမာန်လူမှုဖွံ့ဖြိုးရေးအဖွဲ့၊ မော်လမြိုင်)
86. Peace and Justice Legal Aid Center
87. Poet Lovers Association [ကဗျာချစ်သူများအသင်း(PLA)]
88. Public Network (Bago Region)
89. Pyo Khin Thit (Ma-u-bin)
90. Pyoe Development Organisation
91. Rainmaker (Women Empowerment Center)
92. Resource Rights for the Indigenous Peoples
93. Ruby Land Peace Network
94. School of Intensive English Programs (IEP-Mai Ja Yang)
95. Shan State Students Union (ရှမ်းပြည်နယ်လုံးဆိုင်ရာကျောင်းသားသမဂ္ဂ)
96. Shan Youth Yangon
97. Shanan Network
98. Shingnip Legal Aid Network
99. Shwe Chinthae Social Servicr Group (Shwebo) [ရွှေခြင်္သေ့လူမှုစောင့်ရှောက်ရေးအဖွဲ့(ရွှေဘို)]

100. Sittaung Melody Social Network (စစ်တောင်းသံစဉ်လူမှုကွန်ယက်)
101. Southern Shan State Women Network (ရှမ်း / တောင် အမျိုးသမီးကွန်ရက်)
102. Southern Shan State Youth Network (ရှမ်းပြည်နယ်တောင်ပိုင်းလူငယ်ကွန်ယက်)
103. Southern Youth
104. Summer Shelter (Shan State)
105. Takapaw
106. Tanintharyi Friend
107. Thang Tlang Civil Society Network (TCSN)
108. The HELP (မန္တလေး ရပ်ရွာအခြေပြု လိင်တူချစ်သူများ အဖွဲ့စည်း)
109. The Kachin Relief Fund
110. The PLAN: Public Legal Aid Network (လူထုအခြေပြု ဥပဒေကူညီမှုကွန်ရက်)
111. The Seagull: Human Rights, Peace & Development
112. Thuriya Sandra Environmental Watch Group
113. Upper Chindwin Youth Network
114. Wan-Lark Foundation (Arakan)
115. Wimutti Volunteer Group (WVG)
116. Women Enpowerment Programme (WEP)
117. Wunpawng Ninghtoi
118. Yangon Kachin Baptist Youth
119. Yone Kyi Yar Knowledge Propagation Society
120. Young Kachin Writers' Club
121. YWCA (Taunggyi)
122. စေတုတ္တရာဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့။

123. Harvard Law School International Human Rights Clinic

124. Physicians for Human Rights

125. Burma Campaign UK

126. COMREG – Community Response Group

127. Democracy for Ethnic Minorities organization (Shan State)

128. Khun Tan New Youth Network – (Thathon) ခွန်တန်နွယ်လူငယ်ကွန်ယက် (သထုံ)

129. Paoh Youth Organization – PYO (Shan State)

130. Paungku